ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (14-12-2008) (၅၀၉၂)

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရဲရွာရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်အတွက် မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေ ကွန်ကရစ်တမံ Roller Compacted Concrete Dam ပင်မတမံ တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေ။





# ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခုဖြစ် မြစ်ငယ်မြစ်၏ ရေအရင်းအမြစ်များကို အပြည့်အဝ အကျိုးရှိစွာအသုံးချနိုင်ရေး ဆက်လက်ကြိုးပမ်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်အပိုင်းကို ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ ဖြန့်ဖြူးသည့်အပိုင်းကိုလည်း ချိန်ကိုက်ပြီးစီးအောင်၊ ဓာတ်အားအလေအလွင့်မရှိ ဖြန့်ဖြူးနိုင်အောင်လုပ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## ရဲရွာရေအားလျှပ်စစ်စီမံကိန်း

မန္တလေးမြို့၏ အရှေ့တောင်ဘက် မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)



ကြေးမုံ The Mirror

၁၄-၁၂-၂၀၀၈
(တနင်္ဂနွေနေ့)

# စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တည်ဆောက် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၁၂ရက်နေ့က ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် **"ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းဖို့၊ စွမ်းရည်ထက်မြက်ဖို့နဲ့ ခေတ်မီဖို့လိုအပ်တယ်။ ဒါမှသာ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်နိမိတ်ကို တစ်လက်မမျှ ကျူးကျော်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်တယ်။ အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်လာအောင် တည်ဆောက်ရာမှာလည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေအပြင် အသိပညာ၊ အတတ်ပညာအရည်အချင်းတွေပါ ပြည့်စုံတောင့်တင်းဖို့လိုတယ်"** ဟူ၍ မှာကြားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အတွက် ခေတ်မီတပ်မတော် တစ်ရပ်သည် မရှိမဖြစ်လိုအပ်နေသည်။ ထို့ကြောင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်နေခြင်းဖြစ်သည်။

တပ်မတော်တစ်ရပ် အင်အားတောင့်တင်းရေးတွင် အရည်အချင်းသည် အရေးအတွက်ထက်ပို၍ အဓိကကျသည်ဖြစ်ရာ တပ်မတော်သားတိုင်း အရည်အချင်းမြင့်မားပြည့်စုံနေစေရေး အစဉ်အမြဲ ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည့် သင်တန်းဆင်းခေါင်းဆောင်ငယ်များအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် စစ်နည်းဗျူဟာနှင့် စစ်ပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူး အားထုတ်နေကြရမည်ဖြစ်သည်။

ထို့အပြင် တာဝန်ကျရာဒေသအသီးသီးတွင် **တပ်ကိုကောင်းအောင်လုပ်၊ စစ်ကိုနိုင်အောင်တိုက်** တာဝန်များကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခေါင်းဆောင်မှုအရည်အသွေး ပြည့်ဝစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ တပ်ဖွဲ့ဝင်များ အသိနှင့်ယှဉ်၍ အမိန့်လိုက်နာတတ်ရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နောင်တစ်ခေတ်၏အောင်စစ်သည်များဖြစ်ကြသည့်သင်တန်းဆင်း ခေါင်းဆောင်ငယ်များအနေဖြင့် တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထု ပိုင်နက်နယ်နိမိတ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထာဝရကာကွယ်စောင့်ရှောက်ရင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပြည်ထောင်စုစိတ်ဓာတ် ခံယူကျင့်သုံးလာစေရေး ဆက်လက်စည်းရုံး ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

## မွေးနေ့အထိမ်းအမှတ် လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်၏ အသက်(၁၀၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ကျောင်းကုန်းလမ်း၌ကျင်းပရာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသများ၌ နေအိမ်ကိုးလုံး ဆောက်လုပ်ရန် ငွေကျပ် ၅၄ သိန်း၊ မန္တလေးတိုင်း တောင်သာမြို့နယ် အောင်ချမ်းသာကျေးရွာ မီးစက်တစ်လုံးအတွက် ငွေကျပ် ၂၅သိန်း၊ တောင်သာမြို့နယ် သပွတ်စုကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်နှင့်သောက်သုံးရေလျှပ်စစ်မီးရရှိရေးတို့အတွက် ငွေကျပ် ၂၅သိန်းအပါအဝင် စုစုပေါင်း ငွေကျပ်၁၀၄သိန်းကိုယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်ကသက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)** (သတင်းစဉ်)



## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





## ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အမှာစကားပြောကြား**

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၃

**ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်နှင့်တိုင်းများမှတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းတို့က ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်နယ်နှင့်တိုင်း တာဝန်ခံများကလုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

(သတင်းစဉ်)




## ရန်ကုန်တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ပြိုင်ပွဲဝင် ဝတ်စုံနှင့် ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၁၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဟော်ကီအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ပြိုင်ပွဲဝင်ဝတ်စုံနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာမြို့နယ်၌ကျင်းပရာ မလေးရှားနိုင်ငံ အခြေစိုက် ရော်ဘာ အထွက်တိုး အဆင့်မြင့်နည်းပညာဖြန့်ဖြူးရေးကုမ္ပဏီ SHE-IPHIA HOLDING SDN.BHD မှ Director များဖြစ်ကြသော Dr. Ebrahim Bin Dr. Mohd Haroon နှင့် ဌာနေကိုယ်စားလှယ် ဦးကျော်နိုင် (လူမှုထူးချွန်တတိယဆင့်) တို့က ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဟော်ကီ အားကစားပစ္စည်းများ ဖြစ်သည့် ဟော်ကီတုတ်တံ ၁၂ချောင်းနှင့် ဟော်ကီဘောလုံး ငါးလုံး၊ JUST FASHION ကုမ္ပဏီမှ Managing Director ဦးဇော်ဝင်းက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ပြိုင်ပွဲဝင်ဝတ်စုံ ၂၄ စုံတို့ကို ရန်ကုန်တိုင်း ဟော်ကီ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး

## ပထမအကြိမ် မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၁၉၉၁-၉၅ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား၊ ကျောင်းသူများ၏ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၀ရက်ညနေ ၄နာရီတွင် ရွှေရှမ်းကန် (တက္ကသိုလ်များ လှေလှော်အသင်း-ရန်ကုန်၊ အင်းယားကန်အနီး)၌ ကျင်းပရန် စီစဉ်ထားပြီးဖြစ်၍ သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူများမှ အောက်ပါအမည်နှင့် ဖုန်းနံပါတ်များထံ အမြန်ဆုံးဆက်သွယ် လှူဒါန်းခြင်း ပြုလုပ်နိုင်ကြောင်း သိရသည်။

ဗိုလ်မှူးထူးမောင် ဖုန်း-၀၆၇-၄၁၂၃၅၀၊ ၀၆၇-၄၁၃၃၅၂ (နေပြည်တော်)၊ဒေါ်သူဇာ ဖုန်း-၀၁-၅၇၀၄၆၀၊ ၀၉-၈၆-၄၆၄၄၄၊ ဦးကျော်စွာမြင့် ဖုန်း-၀၁-၂၄၀၂၉၉ ဒေါက်တာတင်မျိုးမျိုးဆွေ ဖုန်း-၀၁-၅၃၆၅၃၉၊ ဒေါ်ကျော့ကျော့လှိုင် ဖုန်း-၀၉-၅၀၄၉၆၈၃၊ ဦးညွန့်လင်း ဖုန်း-၀၉-၂၁-၃၀၄၀၆ (မုံရွာ)၊ ဒေါ်စန်းယုခိုင် ဖုန်း-၀၉-၂၀-၁၄၅၃၆(မန္တလေး)၊ ဦးလှဝေ ဖုန်း-၀၉-၉၉-၂၁၁၃၃၊ ဒေါ်နွယ်နွယ်စန်း ဖုန်း-၀၉-၂၀-၁၂၄ ၉၇(မန္တလေး)၊ ဦးအောင်သိန်းကျော် ဖုန်း-၀၉-၉၉-၂၄၀၈၆၊ ဒေါ်ပပခင် ဖုန်း-၀၉-၉၉-၂၁၈၅၀၊ ဒေါ်နန်းဟွမ်နွမ်ခမ်း ဖုန်း ၀၉-၅၁-၃၅၉၂၃၊ ဒေါက်တာဇော်မင်းအောင် ဖုန်း-၀၉-၅၃-၅၀၅၃၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မြောက်ဥက္ကလာပ အထက(၄)စံပြ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)စံပြ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက် ဂါရဝပြုနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

(ဟော်ကီ ဆက်) မောင်မောင်ဦးက လက်ခံပြီး ဦးကျော်နိုင် (လူမှုထူးချွန်တတိယဆင့်) က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ ရန်ကုန်တိုင်း ဟော်ကီ အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလက်မှတ်များကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

**(အပေါ်ဝဲပုံ)** (သတင်းစဉ်)

# မျက်မှောက်ကာလ ၂၁ရာစုသည် လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်ပေါက်နေချိန်ဖြစ် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရေး ဖော်ဆောင်ရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၃

**အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်က အမှာစကားပြောကြားရာတွင် ယခုတက်ရောက်ခဲ့ကြသည့် သင်တန်း တွင် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းသင်ခန်းစာများ၊ မျက်မှောက်ကာလ နိုင်ငံတော်သစ်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ အနာဂတ်ကာလ အမျိုးသားရေးမျှော်မှန်းချက်များနှင့် အလားအလာများကို လေးလေးနက်နက် သိမြင်လာသည်နှင့်အမျှ အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်သဘောထားများ ပိုမိုခိုင်မာမြင့်မားလာမည်ဟု ယုံကြည်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဆရာ ဆရာမများသည် ကဏ္ဍ အသီးသီး၏ အဓိကလိုအပ်ချက်ဖြစ်သော လူသားအရင်းအမြစ်များ စွမ်းဆောင် ရည် မြင့်မားစေရေးအတွက် ပြုစုပျိုးထောင်ပေးနေသည့် အမျိုးသားရေးအင်အားစု များပင် ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမျိုးသား ရေးလိုအပ်ချက်များအရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက် နေရချိန်တွင် အတိတ်က ဆိုးမွေများကို ဖယ်ရှားပြီး နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံ က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဖော်ဆောင်ခဲ့ကြောင်း။

ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်(၅)ရပ်နှင့် အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ဆယ်စုနှစ်နှစ်ခု ကာလအတွင်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် တိုင်းရင်းသား ပြည်သူအားလုံး၏ လိုလားချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံအမွေခံကောင်းများ ကို လမ်းခင်းပေးနေခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ရေမြေသယံဇာတများအား စိုက်ပျိုးရေး၊ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၌ အကျိုးရှိရှိ အသုံးချနိုင်ရေး ကြိုးပမ်းဖော်ဆောင်ပေးခဲ့သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးများတို့ကို ဆောင်ရွက်ပေး ခဲ့ကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဖော်ဆောင်မှုများကြောင့် ပြည်ထောင်စုတစ်ဝန်းလုံး ၏ ပညာရည်အဆင့်အတန်းသည် ဆယ်စုနှစ်ခု ကာလအတွင်း အသွင်သဏ္ဌာန် ပိုင်းမှာရော၊ အနှစ်သာရပိုင်းအရပါ ပြောင်းလဲတိုးတက်မှုများ ရရှိလာခဲ့ကြောင်း။

ဆရာ၊ဆရာမများ တာဝန်ယူပြုစုပျိုးထောင်ပေးနေသည့် မျိုးဆက်သစ် လူငယ်များအနေဖြင့် ပညာပြည့်ဝ နှလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များ အဖြစ် အရေးအတွက်ရော၊ အရည်အချင်းပါ တိုးပွားမြင့်မားလာစေရေးသည် မျက်မှောက်ကာလ ဆရာ၊ဆရာမ တစ်ဦးချင်း၏ ကြိုးပမ်းစွမ်းဆောင်မှုများအပေါ် မူတည်လျက်ရှိကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ် များကို မိဘပြည်သူများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေး



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် သင်တန်းသား စံပြဆုရ ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် ငွေတွင်းတူးအခြေခံပညာမူလ တန်းကျောင်းမှ မူလတန်းပြဆရာ ဦးနိုင်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤလုပ်ငန်း စဉ်များ၏ အခြေခံအကျဆုံးဖြစ်သည့် ကျောင်းနေရွယ်ကလေးတိုင်း စာသင်ခန်း အတွင်း ရောက်ရှိလာပြီး ပညာသင်ယူခွင့် ရရှိရေးအတွက် သက်ဆိုင်ရာ နယ်မြေ ဒေသအလိုက် ပြည်သူများအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး၏ အခြေခံကျမှုကို သိမြင်နားလည်ပြီး ကြိုးပမ်းအားထုတ်လို့မှု၊ ပညာသင်ကြားနိုင် သည့် အခွင့်အလမ်းနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်မှုများ ရရှိစေရန် စည်းရုံးပညာပေးဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း၊ သားသမီးလူငယ်များမှတစ်ဆင့် မိဘဖြစ်ကြသည့် ပြည်သူများ အကြား ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်ခြင်းဖြင့် အခြေခံပညာကဏ္ဍ လုပ်ငန်း စဉ်များ အောင်မြင်ရေးအတွက် အထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း။

မျက်မှောက်ကာလ ၂၁ရာစုသည် လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်ပေါက်နေချိန် ဖြစ်ရာ ဆရာ၊ဆရာမများအနေဖြင့် လူငယ် များ၏ ဝါသနာ၊ ဗီဇအလားအလာကောင်းများနှင့် ကိုက်ညီသည့် သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အလိုက် ဦးတည်တည့်မတ်ပေးနိုင်ပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရေးတို့ကို ဖော်ဆောင်ရန်လိုအပ်ကြောင်း။

သမိုင်းအစဉ်အဆက် ပညာရေးနှင့်ဆရာများ၏ကဏ္ဍကို တန်ဖိုးထား လေးစားလာခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆရာ၊ ဆရာမများ၏ အားထုတ်ကြိုးပမ်းမှုများကို နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးက အလေး အနက်ထား ဂုဏ်ယူအသိအမှတ်ပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာ၊ဆရာမများ အနေဖြင့် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးပုံဖော်နေကြသည့် စည်းရုံးရေး ခေါင်းဆောင်များပီပီ ကျယ်ပြန့်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ခိုင်မာသည့် အမျိုးသားရေးရပ်တည်ချက်နှင့် တည် ကြည် မြဲမြံသည့် ကိုယ်ကျင့်တရားများ ထားရှိပြီး ပညာရေးလုပ်ငန်းစဉ်များအပေါ် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ခုနှစ်တွင် ကျင်းပ ခဲ့သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းဆင်းပွဲ အခမ်းအနားတွင် “နိုင်ငံသားတစ်ယောက်အနေနှင့် ဖြစ်ရပ်များကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကိုယ်တိုင် ကိုယ်ကျ အပြုသဘောပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန် ကျေပွန်ခြင်းပင်ဖြစ်ကြောင်း၊ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် နိုင်ငံသား များသည် နိုင်ငံတော် အတွက် စွမ်းရည်စွမ်းအားပင်ဖြစ်သည်”ဟု မိန့်ကြားခဲ့ ကြောင်း။

သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူရင်း နိုင်ငံတော်အတွက် ပညာတတ်လူ့စွမ်းအား အရင်း အမြစ်များ ပြုစုပျိုးထောင်ရေး အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြရန်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က သင်တန်းသားစံပြဆုရ ကသအမှတ်(F-၁၆၁)ပဲခူးတိုင်း ပေါက်ခေါင်း မြို့နယ် ငွေတွင်းတူး အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြ ဆရာဦးနိုင်သူ၊ သင်တန်းသူစံပြဆုရ ကသအမှတ်(C-၁၀၆) ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းပြ ဆရာမ ဒေါ်အေးဝင်းသိန်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ ကသအမှတ်(F-၃) ပဲခူးတိုင်း ပြည်မြို့နယ် မုဋ္ဌောအခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်း ပြဆရာ ဦးမြင့်ဦး၊ သင်တန်းသူဖွဲ့လုံ့လဆုရရှိကြသော ကသအမှတ်(B-၂၁၂) ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်နော်မူကြူးနှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သန်း သန်းစု၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ(၅)အဆောင်(၈)နှင့် သင်တန်းသူ တပ်ခွဲ(၅) အဆောင်(၂)တို့အား ဆုများကို ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ များကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များထံ သင်တန်းဆင်း အောင်လက်မှတ်များကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)



**အထက (၂) ဗိုလ်တထောင် ဒုတိယအကြိမ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇- ၂၀၀၈ ပညာသင်နှစ် ရန်ကုန်တိုင်း ဘက်စုံပညာထူးချွန် ပထမဆုနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ မောင်ထက်အောင် လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်မိုးသူ ဆုချီးမြှင့်စဉ်။**
(ကြေးမုံ)

## စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက် ၍ အမှာစကားပြောကြားရာ၌ စစ်ဆေးရေးတွင် တာဝန်ရှိသူများသည် မသမာမှု နှင့် ပေါ့လျော့မှုမဖြစ်စေရေး သတိပြုရန်၊ မိမိတို့၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်း ပြီး အဂတိကင်းရှင်းစွာ မျှမျှတတဆောင်ရွက်ရန်၊ စစ်ဆေးဖော်ထုတ်မှုများကို ဌာနစာရင်းသို့ ငွေပေးသွင်းရုံဖြင့် မပြီးပြတ်ဘဲ မရိုးသားမှုများ တွေ့ရှိပါက ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ဒေသအာဏာပိုင်နှင့် ပေါင်းစပ်ဆောင် ရွက်ရန်နှင့် ဌာနအဖွဲ့အစည်းများ၏ ၂၀၀၇-၂၀၀၈ခုနှစ် စာရင်းများကို ၂၀၀၉ ခုနှစ် မတ်လကုန်တွင် စစ်ဆေးပြီးစီးရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မူလတန်းကျောင်းအဖြစ် အသုံးပြုမည့် Cyclone Shelter တည်ဆောက်ရန် အဆိုပြုလွှာများဖိတ်ခေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူး၍ အလှူရှင်များထည့်ဝင်ငွေ များဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်း မူလတန်းကျောင်းအဖြစ် အသုံးပြုမည့် Cyclone Shelter တစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းကို စိတ်ပါဝင်စားလုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာ ရယူဖြည့်စွက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ဒီဇင်ဘာ ၂၂ ရက် (တနင်္လာနေ့) နောက်ဆုံးထား ပေးပို့ရမည် ဖြစ်ကြောင်းသိရသည်။ အသေးစိတ် သိလိုသည့် အချက်အလက်များကို ဖုန်း(၀၁)၅၁၉၆၇၃၊ ၅၇၉၀၃၈၊ ဦးကိုကြီး ၀၉-၅၀၁၀၃၈၆၊ ဖက်(စ်)နံပါတ်(၀၁)၅၁၉၆၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## “သတိပေးနှိုးဆော်ချက်”

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ခရီးသွားလုပ်သားပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် CNGပြောင်းလဲ တပ်ဆင်ပြီးသော City Taxi ယာဉ် များအား Taxi Meter တပ်ဆင်ပြီး Taxi Meter ဖြင့် ငှားရမ်း လိုက်ပါနိုင်ရေး (၁-၁-၂၀၀၈)ရက်နေ့မှစ၍ ကုမ္ပဏီငါးခုဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

Taxi Meter တပ်ဆင်ခြင်းကိုလည်း၁-၆-၂၀၀၈နေ့ နောက်ဆုံးထား တပ်ဆင်ရေး အသိပေး နှိုးဆော်သော်လည်း အချို့သော CNG ပြောင်းလဲပြီး သည့် City Taxi များသည် Taxi Meter တပ်ဆင်ခြင်းမရှိဘဲ မောင်းနှင်သွား လာလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ Taxi Meter တပ်ဆင်ခြင်းမပြုသော မော်တော်ယာဉ်များ အား စစ်ဆေးတွေ့ရှိရပါက လုပ်ငန်းလိုင်စင်သိမ်းဆည်းသည်အထိ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဒီဇင်ဘာလူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

**၂၀၀၈ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပရာ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများသည် နံနက် ၆နာရီမှစတင်၍ နေပြည်တော်မြို့မဈေး စုရပ်မှ တောင်တွင်းကြီး-တောင်ညို-နေပြည်တော်ပျဉ်းမနားလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သပြေကုန်းအဝိုင်းမှ တစ်ဆင့် နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီး လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြကာ နေပြည်တော်မြို့မဈေးစုရပ်သို့ ပြန်လည်ရောက်ရှိကြသည်။**

### လေ့ကျင့်ခန်းများ ပြုလုပ်

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများသည် နေပြည်တော်မြို့မဈေးစုရပ်၌ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)နှင့် အတွဲ(၂)တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတို့နှင့် အတူ လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

(သတင်းစဉ်)



**၂၀၀၈ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲတွင် နေပြည်တော်မြို့မဈေးစုရပ်မှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စုပေါင်းလမ်းလျှောက်ကြစဉ်။**

(သတင်းစဉ်)

# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်

## မွေးနေ့ပွဲများနှင့် ပန်းပွဲတော်တို့တွင် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၃

**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၇)နှစ်မြောက် မွေးနေ့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၂)နှစ်မြောက်မွေးနေ့၊ ခေတ်မီကလေးကစားကွင်းဖွင့်ပွဲနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော်အခမ်းအနားအစီအစဉ်များကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်၍ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ကျင်းပလျက်ရှိရာ ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အလျောက် အပန်းဖြေသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။**

အသစ်ဖွင့်လှစ်ထားသည့် ကလေးကစားကွင်းတွင် တိုက်ကားမောင်းသူ၊ INDOOR GAME ကစားသူ ကလေးငယ်များဖြင့် စည်ကားလျက်ရှိပြီး စိမ်းလန်းစိုပြည်လျက်ရှိသော အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အတွင်းတွင်လည်း ဗဟုသုတရှာမှီးသူ၊ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဒီဇိုင်းအလှပုံဖော်ထားသည့် စနိုးမန်း၊ နဂါးနှစ်ကောင်၊ လေယာဉ်ပျံ၊ သင်္ဘော၊ ရထားလုံး စသည့်ရုပ်တုများဖြင့် အမှတ်တရဓာတ်ပုံရိုက်သူများ၊ ငန်းစာကျွေးသူများ၊ ဈေးဆိုင်တန်းတွင် ဈေးဝယ်ကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

တတိယအကြိမ်မြောက် ပန်းပွဲတော်ကိုလည်း ပြည်တွင်း ပြည်ပ ပန်းပွင့်ခုနစ်သန်းကျော်ဖြင့် ယခင်နှစ်များနှင့်မတူ ထူးခြားလှပစွာ ပန်းလိပ်ပြာ၊ ပန်းကိတ်မုန့်၊ ပန်းခင်းသောလမ်း၊ ပန်းလှေ စသည်တို့ဖြင့် ခင်းကျင်းပုံဖော် ပြသထားရာ ပန်းပေါင်းစုံတို့၏ ထုံသင်းသော မွှေးရနံ့ကို ရှူရှိုက်ရင်း မျက်စိအလှပသာဒရှုမြင်ခံစားသူပြည်သူများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများနှင့် သစ်တောရေးရာဝန်ကြီးဌာနပြခန်းတွင် ကြည့်ရှုလေ့လာသူများဖြင့်စည်ကားလျက်ရှိသည်။

ဂီတဖျော်ဖြေပွဲအနေဖြင့် နန်းမြင့်မျှော်စင်အနီးရှိ ဂီတပွဲတော်စင်မြင့်တွင် နာမည်ကြီးတီးဝိုင်းများ၊ စိုင်းစိုင်းခမ်းလှိုင်စသည့် နာမည်ကြီးအဆိုတော်များ၊ သရုပ်ဆောင်အနုပညာရှင်များက သီဆိုဖျော်ဖြေလျက်ရှိကြရာ ဂီတမြတ်နိုးသူများဖြင့် စည်ကားလျက်ရှိပြီး အပန်းဖြေလာရောက်ကြသူ စုစုပေါင်းမှာ ပြည်သူခုနစ်သောင်းကျော်ခန့် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြင်ဦးလွင်အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းတွင် တိုက်ကားမောင်းသူ ကလေးငယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)



**ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)



## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန် အနည်းငယ် လျော့နိုင်

ရန်ကုန် ဒီဇင်ဘာ ၁၃

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ပါသည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၄ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၉ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်) ၁၂-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၇ ဒသမ ၁ဒီဂရီစင်တီဂရိတ် (၆၃ ဒီဂရီဖာရင်ဟိုက်) ၁၃-၁၂-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း ၁၃-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၇ ဒသမ ၀ နာရီခန့် ၁၂-၁၂-၂၀၀၈

**<u>မိုးရေချိန်</u>**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၃-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၁၂-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အရှေ့ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

## ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ညွန့်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သော“အရှေ့အာရှနိုင်ငံများအတွက် အုပ်ချုပ်မှုစနစ်ကောင်းနှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာဆွေးနွေးပွဲ” သို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

**ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# အမေရိကန် ခရမ်းချဉ်သီးကုမ္ပဏီ စားသုံးသူများအား လိမ်လည်ဟုဆို

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စု အစိုးရအာဏာပိုင်များသည် ဗုဒ္ဓဟူးနေ့က ခရမ်းချဉ်သီး စိုက်ပျိုးထုတ်လုပ်သော ကုမ္ပဏီတစ်ခုကို စျေးနှုန်းများလိမ်လည်ဖော်ပြသည်ဟု စွပ်စွဲကြောင်း၊ပစ္စည်းကိုကြော်ငြာပြီးမှ အဆင့်နိမ့်သော ကုန်ပစ္စည်းများကို စျေးနှုန်းကတ်ပြားများ လိမ်လည်တပ်ဆင်ကြောင်း ဆန်ဖရန်စစ္စကို ခရောနီကယ်လ်သတင်းစာက ရေးသားဖော်ပြသည်။ ခရမ်းချဉ်သီးမှထုတ်လုပ်သော စားသောက်ကုန်များကို အဓိကရောင်းချနေသော ကယ်လီဖိုးနီးယားမှ အက်စ်ကေဖုအော့ဖ်လီမိုရီးလုပ်ငန်းကို စွပ်စွဲပြောကြားခြင်းဖြစ်သည်။ ၎င်းသည် အမေရိကန်စျေးကွက်တွင် ခရမ်းချဉ်သီးအနှစ် ၁၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ် မြို့တော်ဆာကရာပင်တိုရှိ အစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူ လောရင်းဟော်ဝုဒ်က စားသုံးသူများသည် ၎င်းတို့အမှန်စင်စစ် ငွေပေးဝယ်သောပစ္စည်းကိုမရရှိကြောင်း၊ အဆင့်နိမ့်သောပစ္စည်းများကိုသာ စျေးကြီးပေး၍ဝယ်နေရသကဲ့သို့ဖြစ်နေကြောင်း ပြောကြားသည်။ ဗဟိုအစိုးရအာဏာပိုင်များက ကယ်လီဖိုးနီးယားခရမ်းချဉ်သီးကုမ္ပဏီ၏ အကျင့်ပျက်မှုများကို ဧပြီလမှစတင်၍ စုံစမ်းစစ်ဆေးခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဒီယာလားဒေသတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း ဒဏ်ရာရလာသူ အရပ်သားတစ်ဦးကို ဆေးရုံပေါ်၌ တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်မှ လက်နက်များနှင့် ဘိန်းစိမ်းများဖမ်းမိ

**ကဘူး ဒီဇင်ဘာ ၁၃**

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် နေတိုးခေါင်းဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) အကူအညီဖြင့် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (အေအန်အက်စ်အက်ဖ်)သည် မူးယစ်ဆေးဝါး အမြောက်အမြားကို ဖမ်းဆီးရမိခဲ့ပြီး ဖျက်ဆီးခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော အိုင်အက်စ်အေအက်ဖ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုအပတ်အစောပိုင်းက ဟဲလ်မန်း ပြည်နယ်တောင်ပိုင်း နာဝါဒေသတွင် စစ်ဆင်ရေးဆင်နွှဲစဉ် ဘိန်းစိမ်း ၄၀၀ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ခန့်မှန်းခြေမှောင်ခိုစျေးကွက်ပေါက်စျေးအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန်ဖိုးရှိကြောင်း၊ ၎င်းဘိန်းများကို ဖျက်ဆီးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ဆင်ရေးတွင် ဗုံးပစ်လောင်ချာများ၊မော်တာကျည်ဆန်များ၊ လက်နက်ငယ်များနှင့် ဖောက်ခွဲရေးပစ္စည်းများ အပါအဝင် လက်နက်ခဲယမ်း အမြောက်အမြားကို ဖမ်းမိခဲ့သည်။

ထိုကဲ့သို့ လက်နက်များနှင့် မူးယစ်ဆေးဝါးကို ပူးတွဲတွေ့ရှိရခြင်းကြောင့် သောင်းကျန်းသူများနှင့်မူးယစ်ဆေးဝါး ရာဇဝတ်မှု ကျူးလွန်သူများအကြား ဆက်သွယ်မှုရှိကြောင်း အိုင်အက်စ်အေအက်ဖ်က ၎င်းကြေညာချက်တွင် ထောက်ပြထားသည်။ ထို့အပြင် ရာဇဝတ်မှုများမှ ရရှိသော ရန်ပုံငွေအထောက်အပံ့ဖြင့် သောင်းကျန်းသူများ လှုပ်ရှားနေသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**နိုင်ငံတကာသတင်းများ**

# အီရတ်စစ်ပွဲကြောင့် ကလေးငယ်များ၏ဘဝ ကုမရနိုင်သည့် နစ်နာမှုများဖြင့်ရင်ဆိုင်ရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃**

ရှမ်အမည်ရှိသည့် ကလေးငယ်လေးသည် တစ်ချိန်ကမျက်နှာဝိုင်းဝိုင်း ကလေးပေါ်တွင် ကျောက်မီးသွေးကဲ့သို့ မည်းနက်သော မျက်လုံးများဖြင့် မကြာခဏပြုံးရယ်ပြကာ ချစ်စဖွယ်လှပသော ကလေးငယ်တစ်ယောက်ဖြစ်သည်။

သို့ရာတွင် သူမအသက် သုံးနှစ်အရွယ်၌မျက်စိနှစ်လုံးကွယ်ခဲ့ပြီး မိခင်သေဆုံးရကာ စိတ်ထဲတွင် နာကျင်မှုဝေဒနာ ခံစားခဲ့ရသည်။ ရှမ်ဆိုသည့် အာရပ်အမည်၏အဓိပ္ပာယ်မှာ နေကဲ့သို့ ထွန်းလင်းတောက်ပသူဟု ဖြစ်သည်။

သူမအပါအဝင် အီရတ်နိုင်ငံအတွင်းရှိထောင်နှင့်ချီရှိသော ကလေးငယ်များမှာ စစ်၏ဆိုးကျိုးများကြောင့် မပျောက်နိုင်တော့မည့် ဆင်းရဲဒုက္ခများကို ခံစားရလျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်သည် သူမ၏ ကလေးဘဝကို အပြောင်းအလဲ ဖြစ်စေခဲ့သောနေ့တစ်နေ့ဖြစ်သည်။ သူမသည် ဖခင်၊ မိခင်၊ အစ်ကိုနှစ်ဦးနှင့်အတူ အဘိုးအဘွားများရှိရာ ရှီးယိုက်တို့ကြီးစိုးသော ဒေသဖြစ်သည့် ဆာဒါမြို့သို့ အလည်အပတ်ထွက်ခဲ့ရာတွင် လမ်း၌ ကားဗုံး ထိမှန်ခံခဲ့ရခြင်းဖြစ်သည်။ ကားဗုံးကြောင့် ကိုယ်ပိုင်ကားလေး မီးလောင်ခံရကာ မိခင်ဖြစ်သူနှင့် သူမတို့ အပြင်းအထန်ဒဏ်ရာ ရရှိခဲ့သည်။ အချင်းဖြစ်ပွားချိန်က သူမ၏ အသက်မှာ တစ်နှစ်အရွယ်သာရှိသေးပြီး ထိုအချိန်ကရရှိသည့် ဒဏ်ရာကြောင့်ပင် မိခင်မှာ သေဆုံးသွားပြီး သူမမှာ မျက်လုံးကွယ်ခဲ့ရသည်ဟု သိရသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှုအတွင်း မျက်စိကွယ်ခဲ့ရသူ သမီးငယ်လေးရှမ်ကို ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံခြားသားအလုပ်သမားများ ဘဂ္ဂဒက်လေဆိပ်၌ သောင်တင်နေ

**နယူးယောက် ဒီဇင်ဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများသည် တရားဝင်စနစ်တကျ အလုပ်သမားဆိုင်ရာ ခွင့်ပြုချက်များ မပါဘဲနှင့် နိုင်ငံခြားသားအလုပ်သမား ၁၀၀၀ ကျော်ကို အီရတ်နိုင်ငံဘဂ္ဂဒက်မြို့နိုင်ငံတကာလေဆိပ်သို့ခေါ်ဆောင်လာခဲ့ကြောင်း အီရတ်နိုင်ငံရှိ ကုလသမဂ္ဂရုံး (ယူအန်အေအမ်အိုင်)မှ ပြောကြားသည်။

၎င်းအလုပ်သမားများသည်လေဆိပ်တွင်သောင်တင်နေပြီးလူကုန်ကူးသောအမှုဖြင့် စွဲချက်တင်ရဖွယ် ဖြစ်နေသည်ဟုကုလသမဂ္ဂကပြောကြားသည်။

ယူအန်အေအမ်အိုင်က ကန်ထရိုက်တာများအား လူကုန်ကူးမှုဖြင့် တရားစွဲဆိုမည်ဖြစ်ပြီး အလုပ်သမားတို့၏ ရှေ့ရေးကိုလည်း စိုးရိမ်ရသည်ဟု အီရတ်ရှိကုလသမဂ္ဂကိုယ်စားလှယ် စတီဖန်ဒီမစ်သူရာကပြောကြားသည်။

နိုင်ငံတကာရွှေ့ပြောင်းသူများ အဖွဲ့အစည်းနှင့် အလုပ်သမားများအား ကူညီလိုသော အခြားအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကုလသမဂ္ဂသည် ဘဂ္ဂဒက်လေဆိပ်မှ အခြေအနေကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စောင့်ကြည့်လျက်ရှိကြောင်း ဒီမစ်သူရာက ပြောကြားသည်။ ***အင်တာနက်။***

**အာဖရိက ဦးချိုဒေသရှိပင်လယ်ဓားပြများကို နှိမ်နင်းရန်ရောက်ရှိလာသော ဥရောပသမဂ္ဂမှ ရေတပ်သင်္ဘောတစ်စင်းကို ဒီဇင်ဘာ ၁၁ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# အာဖဂန်နစ္စတန်တွင် နေတိုးပစ်ခတ်၍ အရပ်သားသုံးဦးသေ

**ကဘူး ဒီဇင်ဘာ ၁၃**

အာဖဂန်နစ္စတန် အနောက်တောင်ပိုင်း ဝမ်ဒတ်ပြည်နယ်၊ ဆာရိအဘက်ခရိုင်တွင် သောကြာနေ့က ဘတ်စ်ကားတစ်စီးသည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) တပ်ဖွဲ့ဝင်များ၏သတိပေးပစ်ခတ်ခြင်းကို ဂရုမစိုက်ဘဲ ဆက်လက်မောင်းနှင်သည့်အတွက် ထပ်မံပစ်ခတ်ရာ အရပ်သားသုံးဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။

ကင်းလှည့်နေသော နေတိုးတပ်ဖွဲ့ဝင်များက မျက်နှာချင်းဆိုင်မှလာသော ဘတ်စ်ကားကို ပထမဆုံး သတိပေးပစ်ခတ်ကြောင်း၊ အသေခံကားဗုံးခွဲတိုက်ခိုက်ခံရမည်ကို စိုးရိမ်သဖြင့် အဝေးမှာပင် ရပ်တန့်စေကြောင်း၊ သို့သော် ကားမောင်းသူက ဆက်လက်မောင်းလာသည့်အတွက် ကားအင်ဂျင်ထဲသို့ ပစ်ခတ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။ ဒဏ်ရာရရှိသွားသော ခရီးသည်များကို နိုင်ငံစုံတပ်ဖွဲ့မှ ရဟတ်ယာဉ်ဖြင့် လာရောက်သယ်ယူပြီး နိုင်ငံတကာ စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဆက်လက်ဖော်ပြသည်။

စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ဒဏ်ရာရရှိသော အရပ်သား အရေအတွက်ကိုအတိအကျ မသိရှိကြောင်း ပြောကြားသည်။ ***အင်တာနက်။***

**အိန္ဒိယနိုင်ငံ ဥတ္တပရာဒေ့ရှ်ပြည်နယ်နာဂါခရိုင်ဆာနီကျေးရွာ၌ မွေးဖွားသော မျက်နှာနှစ်ခုပါသော ကလေးငယ်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# ပါကစ္စတန်တွင် ဒုံးကျည်ဖြင့်ပစ်ခတ် စစ်သွေးကြွ ခုနစ်ဦး သေဆုံး

**ပက်ရှ်ဝါ (ပါကစ္စတန်) ဒီဇင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံ၏ တောင်ဝါဇီရစ္စတန်ဒေသတွင်အမေရိကန်မောင်းသူမဲ့လေယာဉ်မှ ပစ်လွှတ်လိုက်သည်ဟု ယူဆရသော ဒုံးကျည်တစ်စင်းသည် အယ်လ်ခိုင်ဒါများ ပုန်းအောင်းနေသည်ဟု သံသယရှိသောနေရာသို့ ကျရောက်ပေါက်ကွဲရာ စစ်သွေးကြွခုနစ်ဦး သေဆုံးကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။

သေဆုံးသူ စစ်သွေးကြွများတွင် နိုင်ငံခြားသားများဟု ထင်ရသူများ ပါဝင်ကြောင်း၊ မည်သည့် နိုင်ငံသားဖြစ်သည်ကိုမူ မသိရကြောင်း ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးသူအများစုမှာ ပန်ချာပီများ ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။ ယခုကဲ့သို့ မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်ခြင်းသည် ယခုလအတွင်း နှစ်ကြိမ်ရှိပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ပျော်ရွှင်ကျန်းမာစွာ စဉ်ဆက်မပြတ်သွေးလှူပါ

**ဒေါက်တာသီတာအောင်(ကထိက၊ ရောဂါဗေဒဆရာဝန်ကြီး)**

ခန္ဓာကိုယ်တွင်း သွေးစီးဆင်းလည်ပတ်မှု လမ်းကြောင်းများ (Circulation of blood)ကို William Harey က ၁၇ ရာစု၌ စတင်တွေ့ရှိရာမှ သွေးဖြင့် လူသားတို့၏ အသက်ကယ်တင်နိုင်ရန် စတင်ခဲ့ပါသည်။

(၁၉)ရာစုတွင် James Blendell က မလွဲမရှောင်သာ၍ သွေးသွင်းခြင်းဖြင့် မိခင်တစ်ဦး၏ အသက်ကိုကယ်တင်နိုင်ချိန်မှစ၍ သွေးသွင်းခြင်းဖြင့် အသက်ကယ်နိုင်ရေးကို ဆက်လက်ကြိုးစားခဲ့ကြပါသည်။ ၁၉၀၁ ခုနှစ်တွင် သွေးသွင်းသွင်းချင်း အသက်ဆုံးရှုံးနိုင်သော ABO အုပ်စုကို ရှာဖွေတွေ့ရှိခြင်း၊ ၁၉၀၇ ခုနှစ်တွင် သွေးအုပ်စုခွဲ သွေးရည်ကြည်နှင့် သွေးသွင်းကုသမှုမပြုမီ သွေးတည့်မတည့် စစ်ဆေးနိုင်ခြင်း၊ ၁၉၁၅ ခုနှစ်တွင် သွေးမခဲဆေးရည်များနှင့် ရောစပ်၍သွေးကို တစ်နေရာမှ တစ်နေရာသို့ ယူဆောင်ပေးသွင်းနိုင်ခြင်း၊ ၁၉၃၉ ခုနှစ်တွင် မိခင်နှင့် သန္ဓေသားကို အန္တရာယ်ပေးသည့် Rh သွေးအုပ်စုတွေ့ရှိခဲ့ခြင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ပလတ်စတစ်သွေးခံအိတ်များ စတင်သုံးစွဲနိုင်ခြင်းစသည့် သမိုင်းမှတ်တိုင်များကိုဖြတ်ကျော်နိုင်ရန် ပညာရှင်များသည် အသက်ပေါင်းများစွာ၊ အချိန်များစွာပေး၍ စဉ်းစားကြံစည် ကြိုးပမ်းတီထွင် စမ်းသပ်ခဲ့ရပေသည်။ ထိုကြိုးပမ်းမှုများကြောင့် ၁၉၄၀ ပြည့်နှစ်နောက်ပိုင်း သွေးသွင်းကုသမှုသည် အသက်အန္တရာယ် လုံးဝမပေးတော့သည့် အသက်ကယ်ကုထုံးအဖြစ် ရပ်တည်လာနိုင်ခဲ့ပါသည်။ ယင်းခုနှစ်များအထိ သွေးသွင်းမှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ပညာရှင်များက ရာနှုန်းပြည့် တားဆီးနိုင်ခဲ့သော်လည်း ၁၉၈၅ ခုနှစ်နောက်ပိုင်း၌ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ ပြန့်ပွားလာမှုကိုမူ မကာကွယ်နိုင်ခဲ့ပေ။

ကူးစက်နိုင်သည့် ရောဂါပိုးများ စစ်ဆေးနိုင်သည့် နည်းပညာများအထိ ပညာရှင်များကြိုးပမ်းနိုင်ခဲ့သော်လည်း ရောဂါကူးစက်မှုကို ရာခိုင်နှုန်းပြည့် မကာကွယ်နိုင်ကြောင်းတွေ့ရှိခဲ့ရပါသည်။ ထိုအခါမှ သွေးကို လှူဒါန်းပေးခဲ့သည့် သွေးလှူရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း လေ့လာသိရှိလာခဲ့ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၁၉၈၅ခုနှစ် နောက်ပိုင်း၌

- သွေးလှူဒါန်းမည့် သွေးလှူရှင်များအတွင်း ရောဂါကူးစက်နိုင်သည့် လူနေမှုစရိုက်များ ရှိ၊ မရှိ သိရှိရန် (ဥပမာ-လိင်အပျော်အပါး လိုက်စားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း)၊
- ယင်းလူနေမှုစရိုက်ရှိပါက သွေးမလှူဒါန်းရန်၊ ယခင်လှူဒါန်းနေသူဖြစ်ပါက လှူဒါန်းမှုကိုရပ်ဆိုင်းရန်၊
- ကုသမည့်သွေးများအားလုံးကို စနစ်တကျ စမ်းသပ်စစ်ဆေးရန်၊ ကူးစက်ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သော သွေးလှူရှင်များအား သွေးလှူဘဏ်မှ စနစ်တကျစာရင်းထားရှိပြီး ၎င်းတို့အတွက် ထိရောက်သော တိုင်ပင်ဆွေးနွေး အကြံပေးမှုများပြုလုပ်ပေးခြင်းဖြင့် နောက်တစ်ကြိမ်ထပ်မံလှူဒါန်းမှုကို တားဆီးနိုင်ရန် တို့ကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ခဲ့ကြရာ သွေးမှတစ်ဆင့် ရောဂါပိုးကူးစက်မှု သိသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ၂၀၀၀ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခင်ကြုံတွေ့ခဲ့ရသော ဆုံးရှုံးမှုများရရှိခဲ့သော အောင်မြင်ခဲ့မှုများအပေါ် အခြေခံ၍ အန္တရာယ်အကင်းဆုံးသွေးသွင်းကုသမှုဖြစ်စေရန် နည်းဗျူဟာ (၄)ရပ်ကို ချမှတ်ခဲ့ပါသည်။

ယင်းတို့မှာ-

(၁) သွေးလှူဒါန်းသူများသည် အန္တရာယ်ကင်းသော လူနေမှုစရိုက်များကို ကျင့်သုံးနေသူများဖြစ်ပြီး ၎င်းတို့အား သွေးမလှူဒါန်းမီ ထိထိရောက်ရောက် ဆွေးနွေးရန်၊

(၂) လှူဒါန်းပြီးသောသွေးများအားလုံးကို ကူးစက်နိုင်မည့် ရောဂါပိုးများစစ်ဆေးရန်၊

(၃) စစ်ဆေးရာတွင်သတ်မှတ်ထားသည့် နည်းစနစ်များနှင့် အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်၊

(၄) သွေးမှလွဲ၍ အခြားအစားထိုးကုထုံးများမရှိမှသာ သွေးနှင့်သွေးပစ္စည်းများကိုအသုံးပြုရန်တို့ဖြစ်ပါသည်။

ယင်းနည်းဗျူဟာများကိုလိုက်နာဆောင်ရွက်နေခြင်းရှိ၊ မရှိကို-

- နိုင်ငံတစ်ဝန်းလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများအားလုံးသည် အချင်းချင်းဆက်သွယ်ညှိနှိုင်း၊ လမ်းညွှန်နိုင်မည့် ဆက်စပ်နေသော သွေးလှူဘဏ်လုပ်ငန်းများဖြစ်ခြင်း၊
- နိုင်ငံတစ်ဝန်းလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများ လိုက်နာရမည့် လမ်းညွှန်ချက်၊ မူဝါဒစနစ်များရှိခြင်း၊
- လိုက်နာမှုမရှိပါက အရေးယူနိုင်မည့် ဥပဒေများရှိခြင်း၊
- သွေးလှူဘဏ်လုပ်ငန်းများ ချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် လုံလောက်သော ရန်ပုံငွေများရှိခြင်း၊
- သွေးဘဏ်လုပ်ငန်းများ ဆောင်ရွက်နေသူ၊ သွေးလှူရှင်စုဆောင်းပေးသူ၊ သွေးအသုံးပြုသူများ အသီးသီးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်မှု၊ ဗဟုသုတများပြည့်ဝနေခြင်းစသည့် အချက်များက ညွှန်ပြနေပါသည်။

အရှေ့တောင်အာရှဒေသတွင်း(ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြောက်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း)နိုင်ငံများတွင် တိကျသော သွေးလှူဘဏ်လုပ်ငန်းတည်ထောင်မှုကို ခြောက်နိုင်ငံတွင်လည်းကောင်း၊ တိကျသော မူဝါဒလမ်းညွှန်ချက်များကို ရှစ်နိုင်ငံတွင်လည်းကောင်း၊ ဥပဒေကို ငါးနိုင်ငံတွင်လည်းကောင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ၌ သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီး မူဝါဒလမ်းညွှန်ချက်များကို ၂၀၀၉ခုနှစ်စပိုင်းတွင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

တစ်နှစ်လျှင် သွေးလိုအပ်ချက်များ ရန်ကုန်မြို့၊ မြို့နယ်များအတွက် ယူနစ်ပေါင်း ၃၆၀၀၀ ခန့်၊ မန္တလေးမြို့အတွက် ၂၆၀၀၀ ခန့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ၈၀၀၀ ခန့်၊ မကွေးတိုင်းအတွက် ၁၁၀၀၀ ခန့်၊ မြစ်ကြီးနားမြို့အတွက် ၃၆၀၀ ခန့်၊ မွန်ပြည်နယ်အတွက် ၉၀၀၀ ခန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ၇၂၀၀ခန့်၊ ဧရာဝတီတိုင်းအတွက် ၈၂၀၀ ခန့်နှင့် ကျန်တိုင်းနှင့် ပြည်နယ်များအတွက် အလားတူနီးပါး သွေးလိုအပ်လျက်ရှိနေပါသည်။ အသက်(၁၈)နှစ်ကျော် လူဦးရေ ၂၇ သန်းနှင့် မကြာမီနှစ်ပိုင်းအတွင်း လုံလောက်စွာ ထောက်ပံ့နိုင်မည်ဟု ခန့်မှန်းနိုင်ပါသည်။

အထက်ပါ တိုင်းနှင့်ပြည်နယ်များအတွင်း သွေးလှူရှင်များ သွေးမလှူဒါန်းမီ မေးခွန်းလွှာများဖြင့် ဆန်းစစ်ခြင်းနှင့် မှတ်ပုံတင်စနစ်များကို စနစ်တကျ ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် သွေးလှူဒါန်းသူများတွင် ကူးစက်ရောဂါပိုးတွေ့ရှိခြင်းမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

တောင်ကြီးမြို့တွင် ယခုနှစ်ကုန်ပိုင်း၌ HIV ပိုး စစ်ဆေးတွေ့ရှိမှု လုံးဝကင်းစင်သွားကြောင်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါသည်။ ၎င်းဒေသများအတွင်းရှိ အခြေအနေများကို သုံးသပ်ကြည့်ရာ HIV ပိုးထက် အသည်းရောင်အသားဝါပိုးကူးစက်မှုကို ကာကွယ်ရန် ပိုမိုအားစိုက်သင့်ကြောင်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံဒေသများရှိ သွေးဘဏ်များ၏သွေးသွင်းကုသမှုအတွက် စိတ်ချမှုရှိ၊ မရှိ ဆန်းစစ်နိုင်သည့် ညွှန်းကိန်းများ သိသိသာသာ တိုးတက်လာခြင်းမှာ စေတနာ သွေးလှူရှင်များ၏ လိုအပ်ချက်ကို နားလည်လာမှု၊ မိမိကိုယ်ကိုယ် တာဝန်ယူနိုင်မှု၊ မိမိတို့၏ကျန်းမာရေးကို စောင့်ရှောက်ရမည်ဟု အသိတရားရှိလာမှုတို့အပြင် ၎င်းသွေးလှူရှင်များ သွေးလှူဒါန်းနိုင်ရန် လုပ်အား၊ အချိန်၊ ငွေကြေးများထောက်ပံ့ပေးခဲ့သော စေတနာရှင်ပြည်သူများ၏ တန်ဖိုးမဖြတ်နိုင်သော ပါဝင်ကူညီမှုများကြောင့် ဖြစ်ပေသည်။

ယနေ့ ဒီဇင်ဘာလ ၁၄ရက်တွင် ကျရောက်သော (၃၂)ကြိမ်မြောက် သွေးလှူရှင်များနေ့ဂုဏ်ပြုပွဲ၌ ကျန်းမာရေးဝန်ကြီးဌာနမှ အကြိမ်(၅၀) အထက် ငါးကြိမ်စီခြား၍ (၁၇၅)ကြိမ်အထိ သွေးလှူရှင်ပေါင်း ၆၃၈ ယောက်ကိုဂုဏ်ပြုခြင်းဖြင့် သွေးလှူရှင်ကြီးများ၏ ကျေးဇူးကို အသိအမှတ်ပြု အားပေးခြင်းဖြစ်ပေသည်။ ယင်းဂုဏ်ပြုပွဲ၏ အနှစ်သာရမှာ တက်ရောက်ခွင့်ရသူများကိုသာ ဂုဏ်ပြုခြင်းမဟုတ်ဘဲ သွေးလှူဒါန်းနေသူ သွေးလှူရှင်များအားလုံး၏ စိတ်ထားဖြူစင်မှု၊ စွမ်းဆောင်နိုင်မှုတို့ကို ယခုကဲ့သို့ ဂုဏ်ပြုခံသွေးလှူရှင်ကြီးများကဲ့သို့ စဉ်ဆက်မပြတ် အကြိမ်ရာကျော်အထိ ထိန်းသိမ်းစောင့်ရှောက်ကြပါရန် အသိအမှတ်ပြု တိုက်တွန်းခြင်းဖြစ်ပါသည်။

ထို့ကြောင့် သွေးလှူဒါန်းနေသော အလှူရှင်များ ဆက်လက်လှူဒါန်းမည့် သွေးလှူရှင်များအားလုံး လူနာများ၏အသက်ကို ပျော်ရွှင်ကျန်းမာစွာ ကယ်တင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





# တရားသူကြီးချုပ်ဦးအောင်တိုး ရန်ကုန်တိုင်းအတွင်းရှိ တရားသူကြီးများအား တွေ့ဆုံအမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၃**

တရားသူကြီးချုပ် ဦးအောင်တိုးသည် ယမန်နေ့ ညနေ ၃ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ရန်ကုန်တိုင်း အတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးအရာရှိများအား တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ တရားရုံးချုပ် (ရန်ကုန်)မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ)နှင့် ညွှန်ကြားရေးမှူးများ၊ တရားရုံးချုပ် (ရန်ကုန်)ရှိ တရားရေးအရာရှိများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် တရားသူကြီးချုပ် ဦးအောင်တိုးက အမှာစကားပြောကြားရာ၌ တရားသူကြီးများသည် တရားရေးကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေရသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်သူတို့ ယုံကြည်အားထားမှုရရှိရန် တရားသူကြီးများလိုက်နာရမည့် စည်းကမ်းများ၊ ကျင့်ဝတ်များကို သိထားသင့်ကြောင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်နေကြသူများအဖြစ် ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ လူတော်လူကောင်းဖြစ်အောင်ကြိုးစားကြရန်လိုအပ်ကြောင်း၊ တရားရုံးအဆင့်ဆင့်မှာရှိသည့် တရားသူကြီးများသည် လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး တရားစီရင်ရာတွင်ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ဒို့ကျေးရွာ ဂျာနယ် အတွဲ (၅)၊ အမှတ်(၂၄) ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နတ်တော်လ ဓနုရာသီ အခါသမယ၏ သဇင်ပန်းရနံ့များနှင့်အတူ ကျေးလက်ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်အတွဲ(၅)၊ အမှတ်(၂၄)ကို ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဈေးကျနေသည့်ရေနံနှင့် အောင်ပွဲခံမည့် နွေစပါး၊ ဥယျာဉ်မျိုးများအတွက် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ သီးနှံအရည်အသွေးမြင့်ရန် ရိတ်သိမ်းဆွတ်ခူးချိန်မှန်ဖို့လို၊ မြေညံ့များတွင် ဆီထွက်သီးနှံ ဆူးပန်းစိုက်ပျိုးပါ၊ နေကြာစိုက်ပါ တို့ကျေးရွာ၊ တစ်နှစ်သုံးသီးစားဖြင့် စီးပွားဖြစ်နေသော လယ်သမားများ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အညာနွား၊ ဆိတ်ကိုမွေးမြူခြင်းဖြင့် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိနိုင်မည်၊ ပုရိသချင်း ကိုယ်ချင်းမစာ၍မဟုတ်ပါ စသည့် မွေးမြူရေး ဆောင်းပါးများ၊ လူ့အရိုး ကလိုင်ခေါက်နေတာ ရောဂါပါ၊ ဝမ်းချုပ်ခြင်း၊ မီးခိုးမီးငွေ့ ဓာတ်ငွေ့နှင့် ကျန်းမာရေးအန္တရာယ်၊ ကလေးငယ်များအတွက် ပျားရည်အသုံးဝင်ပုံ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ချဉ်မြစ်ပင် သရဲဝတ္ထုတိုနှင့် မြန်မာတို့၏ သမိုင်းအစဉ်အလာကို ယဉ်ကျေးမှုအမွေအနှစ်များ ကပြသလျက်ရှိ၊ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်၊ ဖြစ်ခဲ တာကို ဖြစ်အောင်လုပ်ပါ၊ စည်းလုံးညီညွတ်ခြင်းမရှိခြင်းရဲ့ ဓားစာခံ အီရတ်နိုင်ငံ၊ အနောက်ဂန့်ဂေါက ရိုးရာအိုးလုပ်ငန်း၊ ကျေးလက်ကဗျာဆိုလိုရင်း မမှားယွင်းစေချင် စသည့် ဆောင်းပါးများအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင် စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)





## အထက(၃) တောင်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယ အကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၃) တောင်ဥက္ကလာပမြို့နယ် အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀) ပြည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးခင်မောင်ကျော် ဖုန်း- ၀၁-၅၆၅၇၉၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**



## မွန်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၃

**မွန်ပြည်နယ်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ယင်းနောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က မွန်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ကျင်းပရေး လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ်ကျန်းမာရေးမှူးများက မိမိတို့ မြို့နယ်အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မွန်ပြည်နယ်အတွင်းရှိ အသက်ငါးနှစ်အောက် ကလေးများအား ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ သတ်မှတ်ရက်၊ သတ်မှတ်နေရာများ၌ ပိုလီယိုရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရောဝတီတိုင်း လေဘေးသင့်မြို့နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့သည် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်နှင့်အတူ ဒီဇင်ဘာ ၁၀ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် တညင်းကုန်းကျေးရွာအုပ်စုနှင့် မှော်အိုင်ကျေးရွာများ၌ ယင်လုံအိမ်သာ ပြုပြင်ဆောက်လုပ်မှု အခြေအနေများနှင့် မှော်အိုင်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သားဖွားခန်းအတွက် လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ထို့နောက် ဖျာပုံမြို့နယ် ကျုံကူးကျေးရွာ၌ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် သားဖွားခန်းသို့ ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆွေးနွေးအသိပညာပေးခြင်းနှင့် မွေးဖွားမိခင်များအတွက် လိုအပ်သည့်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်မှကလေးသို့ HIV ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်တားဆီးရေးစီမံချက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်တွင် ကန်ကြီးထောင့်မြို့နယ်ရှိ မိခင်ရင်သွေးကျန်းမာရေး ရိပ်မြုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပန်းတနော်မြို့နယ်တွင် အသစ်ဖွင့်လှစ်ထားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူလတန်းကြို ကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ သားဖွားခန်းတစ်ခုလျှင် ငွေကျပ်တစ်သိန်းစီ၊ မူလတန်းကြိုကျောင်း တစ်ကျောင်းလျှင် ငွေကျပ်ငါးသောင်းစီနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထူးဈေးရောင်းပွဲတော် ပြင်ဦးလွင်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ ကျောက်တိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးသိန်းဆွေနှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) စက်ရုံမှူး ဒေါက်တာမြင့်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်း ၃၁၈ မျိုးကို ရောင်းချသွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် ဒုတိယအကြိမ်စာအုပ်ဈေးပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါဘိုးဘွားရိပ်သာ၌ကျင်းပရာ ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချစ်ဆွေ(အငြိမ်းစား)က ဈေးပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(အပေါ်ပုံ)**

ထို့နောက် အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဧည့်သည်တော်များက စာအုပ်ဈေးပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

စာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၅ | ၄။ | ကာတွန်းအစီအစဉ် **- ဂျူမုံမင်းသားလေး (အပိုင်း-၆)** |
| ၁၂း၀၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **- ချစ်သက်သေ စကားလေးတစ်ခွန်း** |
| ၁း၃၀ | ၆။ | ကျန်းမာသုတ |
| ၁း၄၅ | ၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်နဲ့သာဆိုရင် (အပိုင်း-၄)** |
| ၂း၄၅ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂း၅၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၂၀ | ၅။ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ |
| ၄း၄၅ | ၆။ | မြန်မာသံစဉ် ချိုနားဝင် |
| ၄း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ | သံစဉ်များနဲ့ကမ္ဘာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၂။ | ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ |
| ၆း၄၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၁)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ကျန်းမာသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၁၆)** |
| | ၂၂။ | သင့်အတွက်မနက်ဖြန် |
| | ၂၃။ | အပိတ်နှုတ်ဆက်စကား |
| | ၂၄။ | ပြီးပါပြီ။ |



☆ **ရွှေဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ရဲ-ယမန်းကျေးရွာအနီး၌ အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀၊ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ဖြန့်ဖြူးပေးမည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စီမံကိန်းကြီး ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက် မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံအလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေ ကွန်ကရစ်တမံ Roller Compacted Concrete Dam ပင်မတမံ တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်း၏ အခြားအစိတ်အပိုင်းများဖြစ်သော ရေလွှဲဥမင်လိုဏ်လုပ်ငန်းနှင့် ရေလွှဲဥမင်လိုဏ်အဝင်၊ အထွက် အဆောက်အအုံများ တည်ဆောက်ပြီးစီးခဲ့မှု အခြေအနေ၊ ဆက်လက်၍ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် တည်ဆောက်နေမှုအခြေအနေ၊ လာမည့် မိုးကာလမှစ၍ ရေလှောင်တမံအတွင်း ရေစတင်သိုလှောင်ရန် စီစဉ်နေမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ရဲရွာရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာမည့် ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ကို မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ ပို့လွှတ်နိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရဲရွာ-ဘယ်လင်း (ကျောက်ဆည်) ကေဗွီ(၂၃၀)ဓာတ်အားလိုင်း၊ ရဲရွာ-မိတ္ထီလာ ကေဗွီ(၂၃၀)ဓာတ်အားလိုင်းနှင့် ဘယ်လင်း-မိတ္ထီလာ ကေဗွီ(၂၃၀)ဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းမှုအခြေအနေ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဘယ်လင်း-ရွှေစာရံ ကေဗွီ(၂၃၀) ဓာတ်အားလိုင်းနှင့် မိတ္ထီလာ-သာစည် ကေဗွီ(၂၃၀) ဓာတ်အားလိုင်းများမှ ဓာတ်အားများ ပို့လွှတ်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ကြောင်း။

ယခုအခါ ယင်းစီမံကိန်းကြီးသည် အပြီးသတ် တည်ဆောက်မှုအပိုင်းသို့ ရောက်ရှိနေပြီဖြစ်ရာ အစစအရာရာ သေချာသပ်ရပ်စွာ ပြီးစီးအောင် လုပ်ငန်းအဆင့်အားလုံးတိုင်းကို ဂရုပြု လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်း။

ထို့အပြင် မြစ်ငယ်မြစ်၏ ရေအရင်းအမြစ်များကို အပြည့်အဝ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့်အပိုင်းကို ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံ ဖြန့်ဖြူးပေးသည့်အပိုင်းကိုလည်း ချိန်ကိုက်ပြီးစီးအောင်၊ ဓာတ်အားအလေအလွင့် အဆုံးအရှုံးမရှိ စနစ်တကျ ဖြန့်ဖြူးပေးနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Ltd. နှင့် China Gezhouba Group Corporation တို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးအဖွဲ့မှ ဝန်ထမ်းများအားလည်းကောင်း လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းခွင်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပင်မတမံရှုရပ်မှ ရဲရွာရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ လက်ဝဲဘက်ခြမ်းနှင့် ပင်မတမံ လက်ယာဘက်ခြမ်း RCC ကွန်ကရစ် အပြီးသတ် သွန်းလောင်းခြင်းလုပ်ငန်းများ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ရုံရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ အဓိက တည်ဆောက်ရေးလုပ်ငန်းများအနက် ရေလွှဲဥမင်လိုဏ် အမှတ်(၁)နှင့် အမှတ်(၂) ရေလွှဲအဆောက်အအုံလုပ်ငန်းတို့မှာ ရာနှုန်းပြည့်ပြီးစီးပြီး RCC ပင်မတမံလုပ်ငန်းမှာ ရက်ပိုင်းအတွင်း ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ရာ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၆၇ ဒသမ ၃၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**မန္တလေးမြို့၏ အရှေ့တောင်ဘက် မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။**

(သတင်းစဉ်)

## Golf Masters Magazine Readers Tournament 2008 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

**Han Golf Masters Pte.,Ltd. က စီစဉ်သော Golf Masters မဂ္ဂဇင်း ဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ Golf Masters Magazine Readers Tournament 2008 ကို ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် (၉)မိုင်၌ ကျင်းပမည်ဖြစ်သည်။**

ယင်းပြိုင်ပွဲကို Golf Masters မဂ္ဂဇင်းစာဖတ်ပရိသတ် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားသမားများသည် မြန်မာဂေါက်ကလပ် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း(ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ကျောက်ရေတွင်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့)ဖုန်း-၀၉-၉၉၇၂၅၅၄ နှင့် ၀၉-၉၀-၄၁၇၉၈ တို့သို့ ပြိုင်ပွဲဝင်ခွင့်ပုံစံနှင့်အတူ ဒီဇင်ဘာ ၂၀ ရက်ထက် နောက်မကျစေဘဲ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲကို System 36 စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို Han Golf Masters Pte.,Ltd. က အဓိကပံ့ပိုးပေးပြီး Srixon ,Cleveland, Cross Creek,XXIO, Pahtama Group Ltd., C Care, Dagon Brewery Co.,Ltd,GP Watch,Royal Modern Furniture စသည်တို့ကလည်း Co. Sponsor များအဖြစ် ပါဝင်ကူညီကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## သဘာဝဘေး ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၁/၂၀၀၈) ဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက် နံနက် ၉နာရီတွင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သေနည်း(၄)မျိုး"တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)] |
| ၈း၀၀ - ၂း၀၀ | Sunday Talk [ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ] |
| ၈း၅၀ - ၂း၅၀ | အညာဒေသစပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ"အကယ်ဒမီရှော့" |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | တက်သစ်လွင်ပြင်အဆိုပြိုင်ပွဲ |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး (ဒေါက်တာသီတာအောင်) |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | မီကို၏ စတုတ္ထအကြိမ် ကံစမ်းမဲပေါက်သူများနှင့် တိုက်ရိုက်တွေ့ဆုံခြင်း |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅- ၅း၂၅ | စိုပြည်စိမ်းလန်း တောင်ကုန်းထက်မှ ခရီးသွားစခန်း |
| ၁၁း၅၅ - ၅း၅၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်လွင်) |
| ၁၂း၁၅ - ၆း၁၅ | International Video Topics (မိုးကြိုးပစ်ခြင်း) |
| ၁၂း၄၀ - ၆း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ - ၆း၄၅ | ကြိုဆိုလျက်ပါ (ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာအောင်မိုး(ပဲရစ်)] |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### The 7th Myanmar ICT Week 2008 Exhibition

| ညပိုင်း | အစီအစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | The 7th Myanmar ICT Week 2008 Exhibition ပြပွဲအစီအစဉ်များ | MRTV-4 |

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Portsmouth-Newcastle | ESPN(Live) |
| ၁၀း၂၅ | Chelsea-West Ham | ESPN(Live) |

### Series A ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Inter Milan-Chievo | 5-Cartoons(Live) |
| ၂း၀၀ | Juventus-AC Milan | 5-Cartoons(Live) |

# နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၄၄/၂၀၀၈) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၄၄/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် မြို့နယ်အသီးသီးတို့မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။





အစည်းအဝေး၌ တိုင်းမှူးက အမှာစကားပြောကြားရာတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို ၂၀၀၆ ခုနှစ် ဇွန်လမှ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ်အထိ နှစ်အလိုက်ဖြစ်ပွားခဲ့သော ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု၊ ဒဏ်ရာရ၊ သေဆုံး အရေအတွက်များကို ပြန်လည်စိစစ်သုံးသပ်၍ ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ဆောင်ချက်များအောင်မြင်မှုရှိစေရေး ဝိုင်းဝန်းသုံးသပ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအတွက် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်နေသကဲ့သို့ ပညာပေးလုပ်ငန်းအနေဖြင့် ဒုတိယအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အထောက်အကူပြု အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်သည်နှင့်အညီ အဆိုပါ ပြပွဲ၊ ပြိုင်ပွဲကြီးမှ ပြည်သူလူထုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်ရေးနှင့် ရည်မှန်းချက်အောင်မြင်ပြီးမြောက်ရေးတို့ကို ကော်မတီ၊ ဆပ်ကော်မတီအလိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အပတ်စဉ် ယခင်၊ ယခု ယာဉ်တိုက်မှုနှိုင်းယှဉ်ချက်များ၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အချက်များ၊ ဒုတိယအကြိမ် အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီ၊ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီနာယက၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီး ကြပ်မှုကော်မတီ (၄၄/၂၀၀၈) ကြိမ်မြောက် အစည်းအဝေး တွင် အမှာစကားပြောကြား စဉ်။** (သတင်းစဉ်)

## သားသမီးအပေါ် မေတ္တာထား
## ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

“အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉”

၂၀၀၉-ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၀၉-ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် (စနေနေ့) (ဒုတိယအကြိမ်)

အသက် (၅)နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၂)
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၀၅ ၇။ ရေလှောင်တမံရဲ့နွယ်
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ **“အလံလေးတော့ကိုင်ပြပါ” (ဖွဲ့နိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၁၁း၂၅ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အားကိုးချစ်သူ ကျေးတောသူ” (အပိုင်း-၅)**
- ၁၂း၃၀ ၆။ Golf Magazine(TV)
- ၁၂း၅၀ ၇။ **မြန်မာဗီဒီယိုဇာတ်လမ်း “ဆူးကြားက ဘူးခါး” (မင်းမော်ကွန်း၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်၊ ချိုပြုံး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၂း၃၀ ၈။ အဆိုပြိုင်ပွဲ
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ **“မီးမီးရဲ့ဆုံးဖြတ်ချက်” (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ဖြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
- ၅း၀၀ ၇။ သွေးလှူရှင်များနေ့တေးများ
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆း၅၀ ၁၃။ **တစ်မျက်နှာ တစ်ကွက်စာ “ခြံတံခါးပိတ်ထားပါ” (သတ္တိ၊ ဂျူးဂျူးစံသာ) (ဒါရိုက်တာ-ပွဲကြိုက်ခင်)**
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာနှင့်ယှဉ်သော မေတ္တာ” (အပိုင်း-၂)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ရှာဖွေခြင်း” (အပိုင်း-၁၆)**
- ၁၉။ အစီအစဉ်ပြီး၏။

# ရေးဗားဆိုက်ဒ်မှာ မစ်ဒယ်ဘရော့နှင့် အာဆင်နယ် တစ်မှတ်စီခွဲယူ

### ဝင်းတင်(ကြေးမုံ)

လန်ဒန် ဒီဇင်ဘာ ၁၃

ပရီမီယာလိဂ် ပွဲစဉ် (၁၇) အစောဆုံးပွဲအဖြစ် မစ်ဒယ်ဘရော့နဲ့ အာဆင်နယ်တို့ မစ်ဒယ်ဘရော့ရဲ့ ရေးဗားဆိုက်ဒ်မှာ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်သွားခဲ့ပါတယ်။

### ခေါင်းတိုက်သွင်းယူ

ဒီနှစ်သင်း ဆုံတွေ့တိုင်း ပြိုင်ဆိုင်မှု ပြင်းထန်လေ့ရှိတဲ့အတိုင်း ပွဲစတာနဲ့ တစ်သင်းနဲ့တစ်သင်း လျင်လျင်မြန်မြန်နဲ့ ထိုးဖောက်ကစားသွားခဲ့တာကို တွေ့ရပါတယ်။ ပထမပိုင်း ၁၁ မိနစ်မှာ အာဆင်နယ်မှ ဗန်ပါစီ ကန်ခွင့်ရခဲ့ပေမယ့် ဂိုးပေါက်လွဲချော်ခဲ့ရပါတယ်။ ပွဲချိန် ၁၆ မိနစ်မှာ အာဆင်နယ်အတွက် ဦးဆောင်ဂိုးကို ထောင့်ကန်ဘောမှ တစ်ဆင့် အဒီဘာယော ခေါင်းတိုက် သွင်းယူပေးခဲ့ပါတယ်။ ဂိုးပေးလိုက်ရတဲ့ အိမ်ရှင်ဟာ မိနစ် ၂၀ ကျော်မှာ အာဆင်နယ်ဘက်ကို ဆက်တိုက်ဆိုသလို ဖိကစားလာနိုင်ခဲ့ပြီး ၂၈ မိနစ်မှာ တွန်ကေးဆန်လီရဲ့ ဖြတ်တင်ဘောကို အလီဒါယီရေးက ခေါင်းတိုက်ကာ ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့ပါတယ်။

### ထိုးဖောက်မှုအားနည်း

ဒုတိယပိုင်းမှာ နှစ်သင်းလုံး အနိုင်ဂိုးရရှိရေးအတွက် ကစားအားတင်လာတာကြောင့် ပွဲဟာအနည်းငယ် ကြမ်းသလို ဖြစ်လာခဲ့ပါတယ်။ ဒီနေ့ပွဲမှာ မစ်ဒယ်ဘရော့ရှေ့တန်းက တွန်ကေးဆန်လီ ခြေစွမ်းပြနေတာကြောင့် အာဆင်နယ် နောက်တန်းကို အလုပ်ရှုပ်စေခဲ့ပါတယ်။ အာဆင်နယ် ရှေ့တန်းက အဒီဘာယောနဲ့ ဗန်ပါစီ တိုက်စစ်အတွဲဟာ ထိုးဖောက်မှု အားနည်းနေတာကြောင့် ၈၁ မိနစ်မှာ ကွင်းလယ်လူ ဒီယာဘီအစား ဘန်တနာကို ထည့်သွင်းပြီး တိုက်စစ်မြှင့် ကစားလာခဲ့ပါတယ်။ ဒါပေမဲ့ ရေးဗားဆိုက်ဒ်မှာ အာဆင်နယ်တို့ သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။



**မစ်ဒယ်ဘရော့မှ ရစ်ဂေါ့တ်နှင့် အာဆင်နယ်မှ ဗန်ပါစီတို့ ဘောလုံးယှဉ်လုနေကြစဉ်။**

### အခြားပွဲစဉ်များရလဒ်

ဗီလာ ၄ - ၂ ဘော်လ်တန်
လီဗာပူး ၂ - ၂ ဟူးလ်စီးတီး
မန်စီးတီး ၀ - ၁ အဲဗာတန်
စတုတ်စီးတီး ၀ - ၀ ဖူလ်ဟမ်
ဆန်းဒါးလန်း ၄ - ၀ ဝက်စ်ဘရွန်း
ဝီဂန် ၃ - ၀ ဘလက်ဘန်း

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း သန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

အတည်ပြုချိန် ၂း၀၀

# အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော်　ဒီဇင်ဘာ　၁၃

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၄/၂၀၀၈)ဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

ထို့နောက်သင်တန်းသား၊သင်တန်းသူများက မဟာမဲခေါင်ခြောက်နိုင်ငံ အဝန်းအဝိုင်းအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သင်တန်းသူသုံးဦးအား ထူးချွန်ဆုများပေးအပ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)




**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၄/၂၀၀၈)ဆင်းပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

## မြိတ်မြို့ အထက(၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြိတ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမ အကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် အဆိုပါကျောင်း ကျောင်းဆောင်သစ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအောင်မြင့် ဖုန်း- ၀၁ ၅၅၅၆၀၃၊ ၀၉၅၁၈၂၄၅၅၊ ဦးနေမျိုး ဖုန်း- ၀၉၈၇၆၀၇၈၄၊ ဦးကျော်ဝင်း (စတိုင်စတိုး) ဖုန်း-၀၅၉ ၄၂၂၉၀၊ ဦးထွန်းမြတ်ဇော် (သမိုင်းဌာန၊ မြိတ်တက္ကသိုလ်) ဖုန်း- ၀၅၉ ၄၂၂၇၉၊ မနီလာဝင်း ဖုန်း- ၀၉၈၇ ၆၁၂၀၈၊ မအေးအေးလတ် ဖုန်း- ၀၅၉ ၄၁၉၁၂၊ ကိုဝင်းသူအောင် (ဆံပင်/မိတ်ကပ်)ဖုန်း-၀၉၈၇၆၂၀၀၂၊ကိုတင်ကိုကိုဦး(ခ)ကိုတုတ် ဖုန်း- ၀၅၉ ၄၁၉၆၃၊ ဦးလင်းနိုင် ဖုန်း- ၀၅၉ ၄၁၄၈၈၊ ၀၅၉-၄၂၀၀၀၊ ကိုသန်းဇော်မင်း (အောင်သီရိစာသင်ဝိုင်း) ဖုန်း- ၀၅၉ ၄၁၉၀၇၊ ဆရာမဒေါ်မေမြင့်လွင် (အထက-၄) ဖုန်း-၀၅၉ ၄၂၀၆၅နှင့် ဆရာဦးလင်းဦး (အထက-၃) ဖုန်း- ၀၅၉ ၄၁၀၆၈၊ ၀၅၉ ၄၂၂၀၀၊ ၀၅၉ ၄၁၁၈၄တို့ထံပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# IBTC Open Golf Championshipsပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်　ဒီဇင်ဘာ　၁၃

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော ၂၀၀၈-၂၀၀၉ ခုနှစ် မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ IBTC Open Golf Championshipsပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ Lashio Golf Club ၌ ကျင်းပသည်။**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဦးမောင်မောင်အောင်က အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင်နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု(Daily Best)ရရှိကြသူများအား လည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က Professional Golfers အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် တတိယ ရရှိသော အောင်ဝင်း (သစ်တော)၊ စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်းနှင့် စုစုပေါင်းရိုက်ချက် ၂၇၆ ချက်ဖြင့် ပထမရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် International Beverages Trading Co.,Ltd.မှ Executive Director ဦးတင့်ဦးကProfessional Golfers အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် တတိယရရှိသော ယဉ်အောင်လတ်၊ စုစုပေါင်းရိုက်ချက် ၂၈၄ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့် (KM Golf Centre)နှင့် စုစုပေါင်း ရိုက်ချက် ၂၈၀ ဖြင့် ပထမရရှိသော မင်းနိုင် (SRIXON) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်းက အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ဘိုဘိုအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ Professional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော မင်းနိုင် (SRIXON) အား ဆုကြေးငွေကျပ် (ချက်လက်မှတ်) ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး International Beverages Trading Co.,Ltd. မှ Executive Director ဦးတင့်ဦးက Lashio Golf Clubအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ကို ပေးအပ်ရာ လားရှိုးဂေါက်ကလပ် တာဝန်ခံ အရာရှိ ဗိုလ်မှူးဝင်းစိုးက လက်ခံသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးပြီး Co-Sponsor များ ဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade and Gems) Co.,Ltd, KBZ Bank Ltd., Alpine Purified Drinking Water,My Associates Co.,Ltd, Srixon, ကျားခေါင်းဘိလပ်မြေ, KM Golf Center, ACCEL International Co.,Ltd. (Canon) နှင့် Lifeline Co.,Ltd. (DHEA-Plus)တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)




**IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုရရှိသော မင်းနိုင်(SRIXON) အား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆုချီးမြှင့်ပေးအပ်စဉ်။**
(ဂေါက်သီးအဖွဲ့ချုပ်)

# အကယ်ဒမီရှော့ဇာတ်ကား တစ်ပြိုင်တည်းပြ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၂ ရက်(သောကြာနေ့) တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်အကယ်ဒမီရှော့ဇာတ်ကား တစ်ကားတည်းသာ မြို့လယ်ရုံသုံးရုံ၌ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ နေရီမင်း၏ ဇာတ်လမ်းကို သီဟစိုးဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် အကယ်ဒမီရှော့ ဇာတ်ကားမှာ အိမ်ထောင်ရေးပညာပေးနှင့် ဟာသဇာတ်လမ်းကို ရောမွှေထားသည့် ဇာတ်မျိုးတစ်ကားဖြစ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင်၏ ဟာသဇာတ်ကားတိုင်း အူနှိပ်မတတ်ရယ်ရသည့်နည်းတူ ယခုအကယ်ဒမီရှော့မှာလည်း ဇာတ်ကားအစမှ အဆုံးတိုင် ဟာသသရုပ်ဆောင်များက ပရိသတ်အကြိုက် သရုပ်ဆောင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်နှင့် ချောရတနာတို့ ခေါင်းဆောင်၍ ဟာသသရုပ်ဆောင်များ အင်အားပြည့်ပါဝင်ကြသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

**– နိုင်ငံခြားရုပ်ရှင် –**

ရှေ့ဆောင်ရုံတွင်ပရိသတ်အားပေးမှု မလျော့သေးသည့် ဂျိမ်းစ်ဘွန်း ဇာတ်ကားသစ် QUANTUM Of SOLACE (007-JAMES BOND) ကား ပြသမည်ဖြစ်သည်။ ဂျိမ်းစ်ဘွန်း မင်းသားသစ် ဒယ်နီယယ်ကရိတ်၏ ဒုတိယမြောက် ဇာတ်ကားဖြစ်သော်လည်း ပရိသတ်အားပေးမှု အမြင့်မားဆုံးနှင့် ဝင်ငွေအကောင်းဆုံး ဇာတ်ကား ဖြစ်ပါသည်။ နေပြည်တော်ရုံတွင် နာမည်ကြီး အက်ရှင်မင်းသား JASON STATHAM ပါဝင်သရုပ်ဆောင်ထားသည့် DEATH RACE စွန့်စားမှု အသားပေး ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

**– နိုင်ငံခြားရုပ်ရှင် –**

မြို့မရုပ်ရှင်ရုံတွင် နာမည်ကြီး အိန္ဒိယရုပ်ရှင် သရုပ်ဆောင်များဖြစ်ကြသည့် အာရှေးကူးမားနှင့် စူနီးရှက်သီးတို့ ပါဝင်သရုပ်ဆောင်ထားသည့် AWARA PAAGAL DEEWANA ဇာတ်ကားပြသမည်ဖြစ်သည်။ သွင်ရုံတွင် အိန္ဒိယအချစ်ဇာတ်ကားကြိုက် ပရိသတ်အတွက် စလ်မန်ခန်း၊ ကက်သ်ရီနားကေး၊ အနီးကာပူရ်နှင့်ဇေရတ်ခန်းတို့ပါဝင်သည့် YUWRAAJ အချစ်ဟာသဇာတ်ကားပြသမည်ဖြစ်သည်။ ဘုရင်ရုံတွင် အချစ်နှင့်စွန့်စားမှု အသားပေးဇာတ်ကား တစ်ကားဖြစ်သည့် BLACK MAIL ဇာတ်ကား ပြသမည် ဖြစ်သည်။ ၎င်းဇာတ်ကားတွင် သရုပ်ဆောင် စူနီးရှက်သီး ပါဝင်သည်။ မြင်းမိုရ်ထက်ကသရဖူမြန်မာဇာတ်ကားမှာ မြို့လယ်ဝဇီရာရုံ၊စံပြရုံ၊ ရွှေမန်းရုံနှင့် သီတာရုံများတွင် ဆက်လက် ပြသမည်ဖြစ်သည်။ (ကြေးမုံ)



**အကယ်ဒမီရှော့ မြန်မာဇာတ်ကားသစ်မှ နေတိုးနှင့် ထွန်းထွန်းတို့၏ သရုပ်ဆောင်ဟန်။**

# ပန်းတောင်းမြို့နယ်ညီနောင်ကျောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဆင်တဲအခြေခံပညာ အထက်တန်းကျောင်း၏(၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လိုသူများသည် ဦးသိန်းလွင် ဖုန်း-၀၅၃-၄၀၁၈၄၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၁၆၊ ဦးမောင်ငွေး ဖုန်း-၀၉၅၃-၁၃၁၁၀၊ ဒေါ်စောစောရီ ဖုန်း-၀၅၃-၂၄၁၁၄၊ ဒေါ်ငွေးငွေးကြည် ဖုန်း-၀၉၅၀-၆၃၅၇၅ တို့သို့ ဆက်သွယ်နိုင်သည်။

ထို့အတူ အုတ်ရှစ်ပင် အခြေခံပညာ အထက်တန်းကျောင်း၏ (၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လိုသူများသည် အုတ်ရှစ်ပင် ဖုန်း-၀၅၃-၂၅၆၅၂၊ ဦးစောအောင် ဖုန်း-(လိုင်းခွဲ-၂၀၃)၊ ဦးသန်းငွေးဦး ဖုန်း-(လိုင်းခွဲ-၄၄၇)၊ ဦးခင်မောင်နိုင် ဖုန်း-(လိုင်းခွဲ-၁၇၅) တို့သို့ ဆက်သွယ်နိုင်သည်။

အလားတူ ပန်းတောင်းအခြေခံပညာ အထက်တန်းကျောင်း၏ (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လိုသူများသည် ဦးစိန်မြင့် ဖုန်း-၀၉၅၀ ၂၉၆၂၆၊ ဦးသိန်းလွင် ဖုန်း-၀၁-၅၂၄၇၁၁ နှင့် ဦးတင်သောင်း ဖုန်း-၀၉၅၀-၄၄၆၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## ရွှေတိဂုံစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ဗုဒ္ဓမြတ်စွာသာသနာတော်၏ မဏ္ဍိုင်ဦးသျှောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ဖြစ်တော်မူသည်သာမက ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရွှေစင်၊ ရွှေပြားများ စုတ်ကွာလွင့်စဉ် ပျက်စီးခဲ့ရသောကြောင့် ရွှေသင်္ကန်းတော်များ ပြန်လည်ကပ်လှူခြင်းနှင့်အတူ ရွှေထီးတော်ကြွခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငြမ်းစေတီတည်ဆောက်ထားပြီးဖြစ်သည်။

ရှေးယခင်ပညာရှင်များ၏ ရေးသားမှတ်တမ်းတင်ခဲ့သော အကြံပြုချက်များအရ စေတီတော်ကြီး၏ အင်္ဂါရပ်တော်အသီးသီးအနက် သေးသွယ်အားနည်းသော ကြာလှန်၊ ကြာမှောက်ရေိယာကို ပိုမိုကြံ့ခိုင်တောင့်တင်းစေရန် အားဖြည့်မွမ်းမံခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အခွင့်အခါကြုံဆုံစည်းသောကာလတွင် ရဟန်းရှင်လူပြည်သူများအနေဖြင့် သဒ္ဓါတတ်အား နည်းများမဟူ ပါဝင်လှူဒါန်းနိုင်ကြသည်။

### လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေစင်၊ ရွှေပြားများအား ပုဂ္ဂလိကကုသိုလ်ဒါနအနေဖြင့် ပါဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း ကမ္ပည်းမော်ကွန်းရေးထိုး၍ လှူဒါန်းနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (၁) ရွှေစင် | ၆ ကျပ်သား | ၁ ချပ် | ကျပ် | ၃၁၂၀၀၀၀ | နှုန်း |
| (၂) ရွှေစင် | ၃ ကျပ်သား | ၁ ချပ် | ကျပ် | ၁၅၆၀၀၀၀ | နှုန်း |
| (၃) ရွှေစင် | ၁½ ကျပ်သား | ၁ ချပ် | ကျပ် | ၇၈၀၀၀၀ | နှုန်း |
| (၄) ရွှေစင် | ၁ ကျပ်သား | ၁ ချပ် | ကျပ် | ၅၂၀၀၀၀ | နှုန်း |

### ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၅၁၈၅၁၊ ၃၇၅၇၆၇၊ ၃၇၁၀၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

## ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန် ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းနေဖက် မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြု လှူဒါန်းလိုပါက ဒေါက်တာလွင်လွင်စိုး ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၀၁၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဖုန်း-၅၅၇၁၀၉၊ ဦးအေးကြိုင် ဖုန်း-၅၅၇၆၄၃၊ ဦးအောင်သွင် ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဖုန်း-၀၂-၆၆၄၀၁၊ ဦးကျော်ဝင်းမြင့် ဖုန်း-၂၁၂၉၆၉၊ EX-၂၀၃၊ ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်အောင် ဖုန်း-၅၆၄၂၁၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၁၁၇ နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**မူးယစ်ကင်းစင် အလှဆင်**



## မော်လမြိုင်မြို့၌ ၂၀၀၈ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီမှ စတင်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ ထားဝယ်တံတားလမ်း၊ ကမ်းနားလမ်း၊ အတ္တရံဟိုတယ်၊ ဒိုင်းဝန်ကွင်းလမ်း၊ အနောက်တပ်မြေလမ်းတို့မှ ရာမည အားကစားပြိုင်ဝင်းအထိ ကျင်းပခဲ့သည်။

### လေ့ကျင့်ခန်းလုပ်

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်း အင်အားသုံးသောင်းကျော်တို့ တပျော်တပါး လမ်းလျှောက်ကြပြီး ရာမည အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

## အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းပန်းဥယျာဉ်နှင့် အားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁) စက်မှုဝန်ကြီးဌာန ပလတ်စတစ်စက်ရုံ အမှတ်(၁)မှ လက်ထောက် စက်ရုံမှူး ဦးညီညီအောင်နှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** အထူးဈေးရောင်းပွဲတော် မုခ်ဦးကို ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများက ဈေးရောင်းပွဲတော်တွင် လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းများမှ အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ထားရာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်းနှင့် ပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညစနာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော်

**သတင်းဆောင်းပါး-ရီရီမြင့် (သတင်းစဉ်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ သက်တမ်းမှာ (၇၅)နှစ် ပြည့်မြောက်၍ စိန်ရတုပင် တိုင်ခဲ့ပြီ။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲကို အဆိုပါရိပ်သာ၌ ကျင်းပရာ သတင်းအဖွဲ့ သွားရောက်ခဲ့ကြသည်။



**အရောင်းစာအုပ်ဆိုင်များတွင် ကြည့်ရှုလေ့လာကြသူများ။**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ စာအုပ်ဈေးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စိန်ရတု အထိမ်းအမှတ် အစီအစဉ်များတွင် စာအုပ်ဈေးပွဲတော်သည် အစီအစဉ်တစ်ခုအဖြစ် ပါဝင်ပြီး စာအုပ်ဈေးပွဲတော်၌ ပါဝင်ရောင်းချသည့် စာအုပ်ဆိုင်ပိုင်ရှင်များသည် မိမိတို့၏ အကျိုးအမြတ်ထက် လူမှုရေး၌ ကုသိုလ်ပြုလိုသူများဖြစ်ကြောင်း၊ ရောင်းချပေးသည့် စာအုပ်ဆိုင်များမှ ဆိုင်ရှင်များနှင့် လာရောက်ဝယ်ယူသူများပါ နှစ်ဦးနှစ်ဖက် ကုသိုလ်ရအောင် ဆက်လက်ဆောင်ရွက်ပေးသွားစေလိုကြောင်းကို ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချစ်ဆွေ (အငြိမ်းစား)က ရှင်းလင်းပြောကြားသည်။

စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ကလည်း ယခုနှစ်တွင် ဘွားဦးဇွန်းစာအုပ်ဖြင့် အမျိုးသားစာပေဆု၊ စာပဒေသာဆု ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဘွားဦးဇွန်းစာအုပ်ကို ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရေးသားပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကို တည်ထောင်သူ ပတ္တမြားအုတ်ကျောင်းအမ၊ တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ မေတ္တာစေတနာကရုဏာရှင် အမျိုးသမီးကြီး



**အရောင်း စာအုပ်ဆိုင်များမှ စာအုပ်မျိုးစုံကို တွေ့မြင်ရစဉ်။**

ဘွားဦးဇွန်းသည် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ပခုက္ကူနှင့် ရန်ကုန်တို့တွင် ဘိုးဘွားရိပ်သာများကို တည်ထောင်ခဲ့သူဖြစ်ပြီး ဘွားဦးဇွန်းစာအုပ်ဖြင့် ရွေးချယ်ဆုရခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။



**ဦးချစ်ဆွေ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပရခြင်း အကြောင်းရှင်းလင်းပြောကြား။**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅) နှစ်မြောက် အထိမ်းအမှတ် ဒုတိယ အကြိမ် စာအုပ်ဈေးပွဲတော်တွင် ၂၀၀၇ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်စိန်တင် ရေးသားပြုစုသည့်ဘွားဦးဇွန်းအကြောင်း စာအုပ်၊ အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားပြုစုခဲ့သည့် မြန်မာ့အလင်း ဦးတင်အကြောင်းစာအုပ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၇၅)နှစ်ခရီးကို ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူက ကဗျာရှည်ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပေးထားသည့် ကဗျာစာအုပ်များအပါအဝင် သုတ၊ ရသ၊ စာအုပ်များစုံလင်စွာဖြင့် ဆိုင်ခန်းပေါင်း ၃၅ ခန်းကို ဒီဇင်ဘာ ၁၈ ရက်အထိ နှင်းဆီကုန်းဘိုးဘွား ရိပ်သာကြီး၌ နံနက်၉နာရီမှ ညနေ ၅ နာရီအထိဖွင့်လှစ်ရောင်းချပေး သွားမည်ဖြစ်ရာ ကုသိုလ်ပြုလိုသူများအတွက် စေတနာ၊ သဒ္ဓါရှေ့ထား၍ သတင်းဆောင်းပါး ရေးသားလိုက်ရပါသည်။ ။



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်စဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၃

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ တိုင်းမှူးများ၊ အစိုးရ အဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေး မြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စာပေညွှန်ကြားရေးမှူးနှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘ ဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ယနေ့ ကြေးမုံ The Mirror ပြည်တွင်း၊ ပြည်ပသတင်းအညွှန်း



**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်း လာရောက်အပန်းဖြေသူများဖြင့် စည်ကား**

(သတင်း) စာမျက်နှာ ၄

**မစ်ဒယ်ဘာရော့နှင့် အာဆင်နယ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ပြီး သရေကျ**

စာမျက်နှာ ၉

